# ရှောင်ထဲကျေးရွာ

# မြိတ်မြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၃- ၂၀၂၄)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ရှောင်ထဲကျေးရွာ၊မြိတ်မြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြိတ်မြို့နယ်နှင့်

ရှောင်ထဲကျေးရွာဖွံ့ဖြိုးရေးကော်မတီတို့ကူညီရေးဆွဲသည်)

# ၂၀၂၄ခုနှစ်၊ အောက်တိုဘာလ

## မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | ၄ |
| | **ရှောင်ထဲကျေးရွာသယံဇာတပြမြေပုံ၊ Seasonal Calendar၊ အဖွဲ့အစည်း ချိတ်ဆက်မှုပြပုံ၊ ဉ စ္စာခနေအဆင့်သတ်မှတ်ခြင်း၊ မြိတ်မြို့နယ်** | ၆ |
| ၁။ | **တည်နေရာနှင့်ပထဝီဝင်အနေအထား** | ၈ |
| ၂။ | **ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ** | ၈ |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ** | ၈ |
| ၄။ | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | ၉ |
| | (က) သီးနှံစိုက်ပျိုးရေး | ၉ |
| | (ခ) မွေးမြူရေးလုပ်ငန်းနှင့်ငါးလုပ်ငန်း | ၁၀ |
| | (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းများ | ၁၁ |
| | (ဃ) စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ၁၂ |
| | (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု | ၁၂ |
| ၅။ | **အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ** | ၁၂ |
| | (က) ကျေးလက်သယ်ယူပို့ဆောင်ရေး | ၁၂ |
| | (ခ) ကျေးရွာမီးလင်းရေး | ၁၂ |
| | (ဂ) သတင်းနှင့်ဆက်သွယ်ရေး | ၁၃ |
| ၆။ | **ပညာရေး** | ၁၃ |
| ၇။ | **ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး** | ၁၄ |

| | | |
|---|---|---|
| ၈။ | **ဘေးန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၁၅ |
| ၉။ | **ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ** | ၁၅ |
| ၁၀။ | **ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ** | ၁၆ |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း | **၁၇** |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ | **၁၈** |
| | **နောက်ဆက်တွဲ (၃)** ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား | ၇၆ |
| | **နောက်ဆက်တွဲ (၄)** ဦးစားပေးစီမံချက်အဆိုပြုလွှာ (၁) | **၈၅** |
| | **နောက်ဆက်တွဲ (၅)** ဦးစားပေးစီမံချက်အဆိုပြုလွှာ (၂) | **၈၇** |
| | **နောက်ဆက်တွဲ (၆)** ဦးစားပေးစီမံချက်အဆိုပြုလွှာ (၃) | **၈၉** |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ကျေးရွာ၏ လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ၂၀၂၄/၂၀၂၅ ဘဏ္ဍာရေးနှစ်မှ၂၀၂၈/၂၀၂၉ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်း ဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံသာမက နည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဝန်ထမ်းများကစီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့်နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှရယူရန်လိုအပ်ကြောင်းကိုလည်းကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကိုမူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသောဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စသည့်သက်ဆိုင်ရာဦးစီးဌာနအသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့်ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာစသည်တို့ကို အဓိကထားဖော်ပြထားပါသည်။

အောက်တိုဘာ**လ၊၂၀၂၄**

**ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**

**ရှောင်ထဲကျေးရွာ**

**မြိတ်မြို့နယ်**

## ရှောင်ထဲကျေးရွာသယံဇာတပြမြေပုံ



**Seasonal Calendar**



# အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ




## ဥစ္စာဓနအဆင့်သတ်မှတ်ခြင်း

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေးလုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၆ | ၁၈ | ၂၉ | ၆ |

## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ပြင်းငယ်ကျေးရွာအုပ်စု၊ ရှောင်ထဲကျေးရွာသည် မြောက်လတ္တီတွဒ် ၁၂ဒီဂရီ၂၃မိနစ် ၁ဝစက္ကန့်နှင့် ၉၈ဒီဂရီ၄ဝမိနစ်၊၄ဝစက္ကန့်အကြား အရှေ့လောင်ဂျီတွဒ် ၁၂ဒီဂရီ၂၃မိနစ်၊ ဝ၅စက္ကန့်နှင့် ၉၈ဒီဂရီ၄ဝမိနစ်၊ ၄၂စက္ကန့်အကြားတွင်တည်ရှိပါသည်။ ပြင်းငယ်ကျေးရွာ အုပ်စု၏ ဧရိယာစတုရန်းမိုင်မှာ(၇.၇၇)ဖြစ်ပါသည်။ ရှောင်ထဲကျေးရွာ ၏ အရှေ့ဘက်တွင် ပိန္နဲတောင်ကျေးရွာ၊ အနောက်ဘက်တွင် မြစ်ချောင်း၊ ဒီရေတောများနှင့်တောင်ဘက်တွင် သာရမဲကျေးရွာ၊ မြောက်ဘက်တွင် ကျောင်းတောင် ကျေးရွာ၊တပ်တောင်ကျေးရွာ၊ မော်တောင်ကျေးရွာ၊ ရင်းအုံးကျေးရွာ၊ ဆံလုတောင်ကျေးရွာ တို့နှင့် ထိစပ်လျက်ရှိသည်။ ပြင်းငယ်ကျေးရွာအုပ်စုသည် ပင်လယ်ရေ မျက်နှာပြင် အထက်(၂၃)ပေတွင်တည်ရှိပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ပြင်းငယ်ကျေးရွာအုပ်စု၊ ရှောင်ထဲကျေးရွာသည် ပူနွေးစွတ်စိုသော ရာသီဥတု ရှိပြီး အမြင့်ဆုံးအပူချိန်(၄ဝ.၅ဒီဂရီစင်တီဂရိတ်)နှင့် အနိမ့်ဆုံးအပူချိန်မှာ (၁၄.၅ ဒီဂရီ စင်တီဂရိတ်) ဖြစ်ပါသည်။ ရှောင်ထဲကျေးရွာအတွင်း ပေါက်ရောက်သည့် သဘာဝပေါက်ပင်များမှာ ကနစိုပင်များ၊ ဓနိ၊ လမုပင်၊ ပရုန်းပင်၊ လန်းဘဲပင်တို့ ဖြစ်ပါသည်။ ဒီရေရောက်တောတွင် ဓနိပင်များဖြစ်ပါသည်။ အခြားသော သတ္တု၊ ကျောက်မျက်၊ ခဲ စသည့် သယံဇာတ တွင်းထွက်များမှာ အလွန်ပင် ရှားပါးလှပါသည်။ သဘာဝ အပင်မျိုးစိတ်များ၊ ဘဘာဝ တိရိစ္ဆာန်မျိုးစိတ်များ အနည်းငယ် တွေ့ရှိရပါသည်။ တောရိုင်းတိရိစ္ဆာန်မှာ ဂျေလောင် ဖြစ်ပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ရှောင်ထဲကျေးရွာတွင် အိမ်ထောင်စု (၅၉) စု ရှိပြီး၊ လူဦးရေစုစုပေါင်း (၂၅၇) ဦး ရှိပါသည်။ ရှောင်ထဲကျေးရွာတွင် ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ အသင့် အတင့်ကောင်းမွန်သည်ဟု ဆိုနိုင်သော်လည်း ကျေးရွာ၏လူမှုရေး၊ပညာရေး၊ ဘေးကင်း လုံခြုံရေးတို့အတွက် ရည်ရွယ်၍ ဂေါပကအဖွဲ့၊ ပရဟိတအဖွဲ့၊ ကျောင်းအကျိုးတော်ဆောင် အဖွဲ့၊ ကာလသား/သမီး အဖွဲ့စသည်ဖြင့် အဖွဲ့အချင်းချင်းဆက်သွယ်ဆောင်ရွက်မှု အားကောင်းလျက်ရှိပါသည်။ ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ

ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာသူ/သားများ ကိုယ်တိုင်ပူးပေါင်းပါဝင်ကာ ရွေးချယ်ဖွဲ့စည်းခဲ့ပါသည်။ ဤကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်တွင်ပါဝင်သော ဦးစားပေးလုပ်ငန်းများအား သက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ရောင်ထဲကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးနေသော နိုင်ငံတကာအဖွဲ့အစည်းများ/ ကျေးရွာပြင်ပမှ လူမှုကူညီရေးအဖွဲ့များ မရှိပါ။ ပြည်တွင်း/ ပြည်ပ ကူညီရေးအဖွဲ့များအား သက်ဆိုင်ရာကဏ္ဍအလိုက် ချိတ်ဆက်ရန် လိုအပ်နေပါသည်။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (က) သီးနှံ စိုက်ပျိုးရေး

ရောင်ထဲကျေးရွာတွင် လယ်မြေ (၃၁.၅) ဧက၊ ဥယျာဉ်ခြံမြေ (၁၅၄) ဧက၊ ဓနိတောမြေ (၆၅) ဧက စုစုပေါင်း (၂၀၅.၅) ဧက ရှိပါသည်။။ (၁၂.၅) ဧက အထက်ရှိ တောင်သူကြီး (၅) ဦး အထိရှိ၍ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စုများမှာ ကျေးရွာရှိ စုစုပေါင်းအိမ်ထောင်စု၏ (၄၆%) ရှိပါသည်။

ရောင်ထဲကျေးရွာတွင် အဓိကစိုက်ပျိုးသည့် သီးနှံမှာ စပါးဖြစ်ပြီး ကွမ်းသီး၊ အုန်းသီးနှင့် ဆောင်းသီးနှံများကိုလည်း စိုက်ပျိုးကြပါသည်။ ကျေးရွာ၏စိုက်ပျိုးရေးအတွက် မိုးရေကိုသာ အဓိကထား စိုက်ပျိုးလုပ်ကိုင် ကြပါသည်။ စပါးအထွက်နှုန်းမှာ တစ်ဧက ပျမ်းမျှ (၃၀) တင်း ရှိပါသည်။ ကျေးရွာအတွင်းရှိ လယ်သမားများတွင် တစ်ဦးချင်းပိုင် လက်တွန်းထွန်စက် (၁) စီး၊ ခြွေလှေ့စက် (၁) လုံးနှင့် ရေစုပ်စက် (၈) လုံး ရှိပါသည်။ ထွန်စက်ကိုငှားရမ်းလုပ်ကိုင်သည့်တောင်သူ(၄)ဦးနှင့် ခြွေလှေ့စက်ငှားရမ်းလုပ်ကိုင်သည့် တောင်သူ(၁၉)ဦး ရှိပါသည်။

လယ်ယာမြေအသုံးချနိုင်မှုမှာ အသင့်အတင့် အခြေအနေတွင် ရှိပါသည်။ သီးနှံမျိုးစေ့မှာ ဒေသမျိုးတစ်ခုကိုသာ သုံးစွဲနေသော်လည်း တောင်သူများအား မျိုးကောင်းမျိုးသန့် သုံးစွဲမှုနှင့် ပတ်သက်၍ပညာပေးသင်တန်းများကို စိုက်ပျိုးရေးဦးစီးဌာနမှ တောင်းခံနိုင်ပြီး နည်းပညာများ လက်ခံကျင့်သုံးလာနိုင်လျှင် စပါးအထွက်နှုန်းများ တိုးတက်လာပေမည်။ မြေဆီလွှာ မကောင်းခြင်း၊ စိုက်ပျိုးမြေများတွင် ဆားငန်ရေဝင်ရောက်ခြင်း၊သီးနှံအထွက်နှုန်း နည်းပါးမှုများ ကြုံတွေ့နေရသဖြင့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေး သင်တန်းများ

လိုအပ်နေပါသည်။ ထို့အပြင် မြေဆွေး၊ အော်ဂဲနစ်များ ထည့်သွင်းအသုံးပြုမှုနှင့်ပတ်သက်၍ သုံးစွဲနည်းများကို မသိရှိသည့်အတွက် ကျေးရွာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် အခက်အခဲ တစ်ရပ် ဖြစ်နေပါသည်။

### (ခ) မွေးမြူရေးလုပ်ငန်းနှင့် ငါးလုပ်ငန်း

ရှောင်ထဲကျေးရွာတွင် နွားမွေးမြူထားသည့် အိမ်ထောင်စု (၃) အိမ်ရှိပြီး နွားကောင်ရေ (၈) ကောင်၊ အိမ်ထောင်စု (၉) အိမ်မှ ဝက် (၄၄) ကောင်၊ အိမ်ထောင်စု (၅) အိမ်မှ ကြက် (၄၁၅) ကောင်၊ အိမ်ထောင်စု (၆) အိမ်မှ ဘဲ (၅၂) ကောင် စသည်ဖြင့် တစ်ပိုင်တစ်နိုင် မွေးမြူကြပါသည်။ အချို့အိမ်ထောင်စုများမှာ စီးပွားဖြစ်မွေးမြူလိုကြသော် လည်း ဈေးကောင်းမရရှိသည့်အတွက် ကျေးရွာတွင်သာ ရောင်းချကြပါသည်။ မျိုးကောင်း မျိုးသန့်များရရှိရန် လိုအပ်လျက်ရှိပြီး တိရစ္ဆာန်ရောဂါကျရောက်မှု ရှိသည့်အတွက် ကျေးရွာသည် မြို့နှင့်အလှမ်းဝေးပြီး မွေး/ကုဦးစီးဌာနမှ ဆရာဝန်များမှလည်း အချိန်မီလာရောက်ကုသ နိုင်ခြင်းမရှိသည့်အတွက် ရောဂါကာကွယ်ထိန်းချုပ်နည်းဆိုင်ရာ နည်းပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချရန်နှင့် မျိုးကောင်းမျိုးသန့်များ ချိတ်ဆက်ဝယ်ယူရန် လိုအပ်လျက်ရှိပါ သည်။ရေငန်ငါးဖမ်းလုပ်ငန်းကို လုပ်ကိုင်သည့် အိမ်ထောင်စု (၁၃) စု ရှိပါသည်။

ရှောင်ထဲကျေးရွာတွင် မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုအတွက် အခွင့်အလမ်းများမှာ အိမ်ခြံဝင်းအတွင်း နေရာအသင့်အတင့်ရှိပါသည်။ ယခုအခါ ကျေးရွာတွင် ငါးမွေးမြူရေးလုပ်ငန်းကို စတင်မွေးမြူသည့် အိမ်ထောင်စု အချို့ရှိသော်လည်း နောက်ပိုင်းတွင် မွေးမြူနိုင်သည့် အိမ်ထောင်စုများလာနိုင်သည့်အတွက် ငါးမွေးမြူရေးနှင့်သက်ဆိုင်သော နည်းပညာပေးသင်တန်းများ၊ မျိုးကောင်းမျိုးသန့် ရရှိနိုင်သည့် နေရာများ၊ မွေးမြူသည့် နည်းစနစ်များရရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိပါသည်။ ငါးမွေးမြူရေး နှင့် ငါးဖမ်းဆီးခြင်းမှ ထုတ်ကုန်များ ရောင်းချရမှု လွယ်ကူခြင်း၊ ငါးဖမ်းခွင့် အသင့်အတင့် ကောင်းမွန်ခြင်း စသည်တို့ ရှိပါသည်။

ရှောင်ထဲကျေးရွာတွင် မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာများမှာ ရေရှားပါးခြင်း၊ စားကျက်မြေရှားပါးခြင်း၊ မျိုးကောင်းတိရစ္ဆာန်များ လွယ်ကူစွာ ဝယ်ယူမရရှိနိုင်ခြင်း၊ နည်းပညာဝန်ဆောင်မှုများ အလွယ်တကူ မရရှိနိုင်ခြင်း၊ ချေးငွေများ

အလွယ်တကူ မရသည့်အပြင် အတိုးနှုန်းကြီးစွာဖြင့်ချေးငှားရခြင်း၊ သွင်းအားစုများကိုလည်း အလွယ်တကူ မဝယ်ယူနိုင်ခြင်းစသည့် အခက်အခဲတို့ ရှိပါသည်။

**(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ**

ရှောင်ထဲကျေးရွာတွင် စိုက်ပျိုးမွေးမြူရေး မဟုတ်သော ဝင်ငွေရလုပ်ငန်း များမှာ အပ်ချုပ်ဆိုင်၊ လက်ဖက်ရည်ဆိုင်၊ ကုန်စုံဆိုင် လုပ်ကိုင်သူများနှင့် ဥယျာဉ်ခြံများတွင် အငှား လိုက်လုပ်သူ၊ လယ်ယာစိုက်ပျိုးရေးတွင် အငှားလုပ်သူ၊ ရေလုပ်ငန်းတွင် လှေလိုက်သူ စသည့် ကျပန်းလုပ်ငန်း လုပ်ကိုင်သူများ ဖြစ်ပါသည်။ လုပ်သားအင်အား ရရှိနိုင်မှု အသင့်အတင့်ရှိပြီး အလုပ်အကိုင်အခွင့်အလမ်း နည်းပါးပါသည်။ ကျေးရွာရှိ ရှောင်းဝယ်ဖောက်ကား နေသူများတွင် ဈေးကွက်ဆိုင်ရာ အသိအမြင် အသင့်အတင့်ရှိပြီး၊ ကုန်ကြမ်းရရှိနိုင်မှု အခြေအနေ အသင့်အတင့်နှင့် ကျေးရွာနှင့် မြို့သို့ လမ်းပန်းဆက်သွယ်ရေးမှာလည်း အသင့်အတင့်သာ ကောင်းမွန်ပါသည်။

ရှောင်ထဲကျေးရွာတွင် စိုက်ပျိုးမွေးမြူရေး မဟုတ်သော ဝင်ငွေရလုပ်ငန်းများ၏ ပြဿနာမှာ ကျေးရွာတွင်နေထိုင်သောသူအချို့သည် အခြားနိုင်ငံသို့ သွားရောက်လုပ်ကိုင် သည့်အတွက် လုပ်သားအင်အား အသင့်အတင့်သာရှိခြင်း၊ အခြားဒေသထွက်ကုန်များမှာ လည်း ဈေးကွက်မရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေးမှာ နွေရာသီတွင် သွားလာရ အဆင်ပြေ သော်လည်း မိုးရာသီတွင် မြေသားလမ်းများ ဖြစ်သည့်အတွက် သွားလာရခက်ခဲခြင်း၊ (၂၄) နာရီ လျှပ်စစ်မီးမရရှိသေးခြင်း စသည်တို့ဖြစ်ပါသည်။ ကျေးရွာတွင် (၁၀%) အတိုးနှုန်းကြီးမြင့်စွာဖြင့် မိသားစုစားဝတ် နေရေးအတွက် ချေးယူနေရသည့်အတွက် သက်ဆိုင်ရာဌာနဆိုင်ရာမှ ကာလရှည်ချေးငွေများ ဆောင်ရွက်ပေးရန် လိုအပ်လျက် ရှိပါသည်။ အဆင်ပြေသည့်အိမ်ထောင်စုများမှ သားသမီးများသာ အသက်မွေးဝမ်းကျောင်း ပညာသင်ယူနိုင်ကြပြီး ငွေကြေးမပြေလည်မှုကြောင့် ဆင်းရဲသည့်မိသားစုများအတွက် ပညာသင်ယူနိုင်သည့် အခွင့်အလမ်း နည်းပါးလှပါသည်။ ထိုကြောင့်ကျေးရွာတွင်ရှိသော အမျိုးသမီး/ အမျိုးသားငယ်များအတွက် အသက်မွေးဝမ်းကျောင်းပညာသင်တန်းများ ဖွင့်လှစ်ပို့ချပေးရန် လိုအပ်နေပါသည်။

**(ဃ)စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများမှာ ဆန်စပါး၊ ရော်ဘာ၊ ကွမ်းသီး၊ ငါး၊ပုစွန်၊ငပိ၊ငါးခြောက်နှင့် ဟင်းသီးဟင်းရွက်တို့ပါဝင်ပါသည်။ မြိတ်မြို့နှင့်သွားလာရ မဝေးသည့်ကျေးရွာတစ်ရွာဖြစ်၍ ကျေးရွာထုတ်ကုန်များကို ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်ပါသည်။

**(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ရှောင်ထဲကျေးရွာတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်စီမံကိန်း မှ ကာလတိုချေးငွေများ ရရှိပါသည်။ အချို့တောင်သူများမှာ ပုံစံ (၇) ရရန် အခက်အခဲများ ရှိသည့်အတွက် ချေးငွေ မရယူသည် များ ရှိပါသည်။ ကျေးရွာသူ/သားများအနေဖြင့် ငွေကြေးမလုံလောက်သည့်အတွက် ချေးငွေ ပြန်ဆပ်ချိန်တွင် အချိန်မီ ပြန်ဆပ်နိုင်ခြင်းမရှိပါ။ ကျေးရွာတွင် ငွေချေးပေးသူများထံမှ အတိုး နှုန်းကြီးစွာဖြင့် ချေးယူ၍ မိသားစုစားဝတ်နေရေးကို ဖြေရှင်းကြရသည်။ ထို့ကြောင့် ကာလ ရှည်ချေးငွေများ ချေးယူရရှိမည်ဆိုပါက မိမိတို့ လုပ်ကိုင်နေသော အသက်မွေးဝမ်းကျောင်း လုပ်ငန်းများတွင် ပိုမိုရင်းနှီးမြှုပ်နှံ နိုင်လာမည် ဖြစ်ပါသည်။

**၅။အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ**

(က) **ကျေးလက်သယ်ယူပို့ဆောင်ရေး**

**ရှောင်ထဲကျေးရွာတွင် သယ်ယူပို့ဆောင်ရေးအတွက်ကားနှင့် ဆိုင်ကယ်ကို အဓိကထား အသုံးပြုကြပါသည်။** လှေနှင့် စက်လှေ**ကို တံငါလုပ်ငန်းပြုလုပ်ရန်အတွက် အများဆုံး အသုံးပြုကြပါသည်။** စက်လှေ(၁၇)စီး၊ စက်ဘီး(၄)စီး၊ ဆိုင်ကယ်(၁၉)စီး **ရှိပါသည်။**

ရှောင်ထဲကျေးရွာရှိ ကျေးရွာတွင်းလမ်းများသည် မြေသားလမ်းများ ဖြစ်ပါသည်။ မြေသားလမ်းသည် မိုးရာသီတွင် လမ်းပျက်စီးလျက်ရှိပြီး လမ်းရေနစ်မြုပ်မှု ဖြစ်ပေါ်လျက် ရှိသည့်အတွက် မြေသားလမ်းအား အဆင်မြှင့်တင်ရန် လိုအပ်လျက်ရှိပါသည်။

(ခ) **ကျေးရွာမီးလင်းရေး**

**ရှောင်ထဲကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆိုလာ မီးလင်းရေး ပြုလုပ်ပေးထားပါသည်။ ဆိုလာအသုံးပြုသည့်အိမ်ထောင်စု**(၃၈)**စုနှင့်**

မပြေလည်သည့် အိမ်ထောင်စုများမှာရေနံဆီမီးခွက်၊ ဖယောင်းတိုင်ဖြင့် သုံးစွဲကြပါသည်။ လျှပ်စစ်မီး ရရှိလာပါကကျောင်းသား/သူများ ပညာရေးတိုးတက်လာမှုနှင့် ကျေးရွာ အတွင်းတွင် အသေးစားစီးပွားရေးလုပ်ငန်းများ တိုးတက်လာစေရန်အတွက် အထောက်အပံ့ ဖြစ်စေနိုင်ပါလိမ့်မည်။

(ဂ) **သတင်းနှင့်ဆက်သွယ်ရေး**

**ရှောင်ထဲကျေးရွာတွင် ဖုန်းသုံးစွဲနေသူများရှိသော်လည်း လူကြီးများသည် ဖုန်းကို စနစ်တကျသုံးစွဲတတ်ခြင်းမရှိပါ။ ကျေးရွာတွင် လျှပ်စစ်မီးလင်းမှုမရှိသည့်အတွက် အချိန်နှင့် တပြေးညီ အားသွင်းခြင်း မပြုနိုင်ဘဲ သတင်းအချက်အလက်များ အချိန်မီမသိရှိ နိုင်ခြင်းများ ရှိပါသည်။ ကျေးရွာ၏အချို့နေရာများတွင် ဖုန်းလိုင်းမမိသည့်အခြေအနေများ ရှိပါသည်။ ထို့ကြောင့်ကျေးရွာတွင် ဖုန်းလိုင်းနှင့်အင်တာနက်လိုင်းများကောင်းရန်အတွက် ဆောင်ရွက် ပေးရန်လိုအပ်နေပါသည်။**

**၆။ပညာရေး**

**ရှောင်ထဲကျေးရွာတွင်စာမတတ်သူ**မရှိပါ။ **မူလတန်းအဆင့်စာတတ်မြောက်မှုသည် စုစုပေါင်းလူဦးရေ၏**(၄၆)**ရာခိုင်နှုန်း၊ အလယ်တန်းအဆင့်စာတတ်မြောက်မှုသည်** (၃၂) **ရာခိုင်နှုန်း၊ အထက်တန်းအဆင့်စာတတ်မြောက်မှုသည်** (၁၆) **ရာခိုင်နှုန်းနှင့် တက္ကသိုလ်အဆင့်စာတတ်မြောက်သည့် ကျေးရွာသူ/သားများမှာ**(၆)**ရာခိုင်နှုန်းရှိပါသည်။**

ရှောင်ထဲကျေးရွာတွင် ကျောင်းသား (၆၅) ဦး ရှိပါသည်။ မူလတန်းအဆင့် အခမဲ့ပညာသင်ကြားရေးစနစ်ကြောင့် လုံး၀ကျောင်းမနေသူဦးရေ မရှိသည့်အပြင် ဘာသာရေး အခြေပြုကျောင်းများတွင် နေထိုင်သူများလည်း မရှိပါ။ လက်ရှိမူလတန်း တက်ရောက်နေသူဦးရေမှာ (၄၇) ဦး ရှိပြီး အလယ်တန်းကျောင်းတက် နေသူဦးရေမှာ (၁၃) ဦး၊ အထက်တန်းကျောင်း တက်နေသူ ဦးရေမှာ(၄)ဦးနှင့် တက္ကသိုလ်တက်နေသူဦးရေ(၁)ဦး ရှိပါသည်။ ကျေးရွာတွင် စာသင်ကျောင်းမရှိသည့်အတွက် ကျောင်းတောင် ကျေးရွာတွင် ရှိသည့်မူလတန်းကျောင်းနှင့် အလယ်တန်းနှင့် အထက်တန်းကို မော်တောင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် ကျောင်းသား/သူဦးရေဦးရေ (၅၀၀)ကျော် တက်ရောက် သင်ကြားလျက်ရှိပါသည်။ ပြင်းငယ်ကျေးရွာ အုပ်စုတစ်စုလုံးတွင်ရှိသည့် ကျောင်းသား/သူများသည် မော်တောင် ကျေးရွာဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွင် တက်ရောက် ကြပါသည်။

ရှောင်ထဲကျေးရွာတွင်မသန်စွမ်းသူများအတွက် အထူးအစီအစဉ်များ ကြိုတင်ရေးဆွဲထားခြင်းမရှိပါ။ မူလတန်းအဆင့်ကျောင်းထွက်နှုန်း**မရှိပါ**။ ကျောင်းအားကစားဆိုင်ရာပစ္စည်းများ လက်လှမ်းမီမှုမရှိသည့်အတွက် သက်ဆိုင်ရာဦးစီးဌာနနှင့်ချိတ်ဆက်၍ တင်ပြရန်လိုအပ်နေပါသည်။ ကျောင်းအကျိုးတော်ဆောင်အဖွဲ့မှ ကလေးများပညာသင်ကြားရေးအတွက် ယခုထက်ပိုမိုအားကောင်းစွာလုပ်ဆောင်ပေးရန် လိုအပ်နေပါသည်။

ထို့ကြောင့် ကျေးရွာတွင် စာပေဟောပြောပွဲများပြုလုပ်ပေးရန်လိုအပ်လျက်ရှိပါသည်။ မူလတန်းအဆင့် အခမဲ့ပညာရေးစနစ်ကို အကောင်အထည်ဖော်နေသည့်အတွက် ဆင်းရဲသောမိသားစုများအတွက်လည်း အခက်အခဲမရှိ ကျောင်းတက်ခွင့်ရနေပါသည်။ ကုန်ကျစရိတ်သက်သာသော ကလေးအားကစားကွင်းတစ်ခုလည်း လိုအပ်နေပါသည်။ ကျောင်းသား၊ ကျောင်းသူများအား စာကျက်ဖြစ်စေရန် တိုက်တွန်းအားပေးရန်နှင့် စာကျက်ဝိုင်းများ ပြုလုပ်ပေးရန်အတွက် မိဘများမှဝိုင်းဝန်းဆောင်ရွက်ရန်မှာ အရေးပါလှပါသည်။

**၇။ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**

**ရှောင်ထဲကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲမရှိပါ**။ အရေးပေါ် ကျန်းမာရေး ပြဿနာဖြစ်ပေါ်လာလျှင် မော်တောင်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန ရှိပါသည်။ ကျန်းမာရေး ဆရာမ(၁)ဦးရှိပါသည်။ ကျေးရွာတွင် လူနာတင်ယာဉ် မရှိသည့်အတွက် အရေးပေါ်လူနာများအတွက်ကားလိုအပ်လျက်ရှိပါသည်။ ကျေးရွာတွင် (၂၄) နာရီမီးမရှိသည့်အတွက် ဆေးများကို ရေခဲသေတ္တာနှင့် စနစ်တကျ သိမ်းဆည်းထားခြင်း မရှိပါ။ ကျေးရွာအတွင်း ရိုးရိုးဖျားနာသူများအတွက် အဆင်ပြေမှုများရရှိပြီး အရေးပေါ် ကျန်းမာရေးကုသမှုအတွက် မြို့နယ်/ခရိုင်ပြည်သူ့ဆေးရုံသို့သွားရောက်၍ကုသကြရပါသည်။ ကျေးရွာတွင်ကျန်းမာရေးနှင့်ပတ်သက်၍ ရာသီအလိုက် ကာကွယ်ဆေးထိုးခြင်း၊ ကျန်းမာရေး နှင့်ပတ်သက်၍ အသိပညာပေးခြင်း ဟောပြောပွဲများလည်းပြုလုပ်ပေးလျှက်ရှိပါသည်။ ကျေးရွာတွင် သွေးလွန်တုပ်ကွေးရောဂါ၊ သွေးတိုး၊ ဆီးချို ရောဂါနှင့် ဝမ်းပျက်ဝမ်းလျှော ရောဂါဖြစ်ပွားမှုများရှိပါသည်။

ရှောင်ထဲကျေးရွာတွင်ရေတွင်း(၂)တွင်းရှိပါသည်။ မိုးရာသီတွင်လုံလောက်သော်လည်း နွေရာသီတွင် ရေမလုံလောက်သည့်အတွက် စက်ရေတွင်းတူးဖော်၍ အိမ်သွယ်ရေတိုင်စနစ်

ထူထောင်ရန် လိုအပ်လျက်ရှိပါသည်။ ထို့ကြောင့်(စက်ရေတွင်းတူးဖော်ခြင်း၊ ရေကန်၊ ရေစက်ရုံနှင့် ရေပိုက်သွယ်တန်းခြင်း) လုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်လျက်ရှိပါသည်။

**ရှောင်ထဲကျေးရွာတွင် အိမ်ထောင်စု အများစုသည် မသန့်ရှင်းသော အိမ်သာသုံးစွဲမှုများပါသည်။** ဝမ်းရောဂါနှင့်ပတ်သက်သော ကျန်းမာရေးဟောပြောပွဲများ ပြုလုပ်ပေးရန် လိုအပ်လျက်ရှိပါသည်။

**၈။ဘေးန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

ရှောင်ထဲကျေးရွာတွင် ယခုလက်ရှိအချိန်အထိ သဘာဝဘေးအန္တရာယ် ကျရောက်မှုမရှိပါ။ သို့ရာတွင်မိုးရွာသွန်းမှုများသည့်အချိန်တွင် ရေကြီးမှုများဖြစ်ပေါ်လျက်ရှိပါသည်။ အကယ်၍ ဘေးအန္တရာယ်ကျရောက်မည်ဆိုပါက ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများလည်းဆောင်ရွက်ထားမှုမရှိပါ။ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာလျှင် ထိခိုက်လွယ်မည့်အုပ်စုမှာ (၇%)ခန့်ရှိနိုင်ပါသည်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ပတ်သက်သည့် အသိပညာပေး ဟောပြောပွဲများပြုလုပ်ပေးရန်လိုအပ်နေပါသည်။ ထိုမှသာလျှင် ကျေးရွာသူ/ကျေးရွာသားများသည် ကောင်းကျိုး၊ဆိုးကျိုးကိုခွဲခြားတတ်လာပြီး သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို တက်ကြွစွာပါဝင်လုပ်ဆောင်လာမည် ဖြစ်ပါသည်။

**၉။ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ**

ရှောင်ထဲကျေးရွာတွင် အလုပ်လုပ်နိုင်သောအမျိုးသားဦးရေသည် အမျိုးသမီးဦးရေထက်များပါသည်။ ကျေးရွာရှိအဖွဲ့အစည်းများတွင် အမျိုးသမီးပါဝင်မှုနှုန်းမှာ အလွန်ပင်နည်းပါးပါသည်။ ကျေးရွာရှိအုပ်ချုပ်ရေးနှင့် လူမှုရေးအသင်းအဖွဲ့များတွင် အမျိုးသမီးများသည်အမျိုးသားများနှင့်တန်းတူပါဝင်လုပ်ဆောင်လာမည်ဆိုလျှင် ကျေးရွာသည် မုချကေန် တိုးတက်ပြောင်းလဲလာပါမည်။ အမျိုးသမီးများ၏ စိတ်ဓာတ်အရည်အသွေးကို မြင့်တင်ပေးပြီး ကျေးရွာရှိစီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးအသင်းအဖွဲ့များတွင် အမျိုးသမီးများ ပိုမိုပါဝင်လာစေရန် ဖိတ်ခေါ်ရမည်ဖြစ်ပါသည်။ အမျိုးသမီးရေးရာအကြမ်းဖက်မှုများ၊ ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် အသိအမြင်မရှိသဖြင့် ပညာပေးသင်တန်းများ၊ ဟောပြောပွဲများပြုလုပ်ရန်လိုအပ်နေပါသည်။

**၁၀။ဦးစားပေးဆောင်ရွက်မည့်အဆိုပြုစီမံချက်လုပ်ငန်းများ**

| ကျေးရွာအုပ်စုအမည် - ပြင်းငယ် | | | ကျေးရွာအမည် - ရှောင်ထဲ | မှတ်ချက် |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| ၁ | အခြေခံအဆောက်အဦ | သောက်သုံးရေ | စက်ရေတွင်းတူးဖော်ခြင်း၊ ရေကန်တည်ဆောက်ခြင်း | |
| ၂ | အခြေခံအဆောက်အဦ | သောက်သုံးရေ | ရွာတွင်းလမ်းအား ကွန်ကရစ်လမ်းအဆင့်မြင့်ခြင်း(၈ဖာလုံ) | |
| ၃ | အခြေခံအဆောက်အဦ | ကျေးလက်လမ်းတံတား | ကျေးရွာတွင်းရေမြောင်းတူးဖော်ခြင်း | |
| ၄ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ကျေးရွာတွင်းလမ်းသွယ်အား ကွန်ကရစ်လမ်းအဆင့်မြင့်တင်ခြင်း (၂၀၀’) | |
| ၅ | အခြေခံအဆောက်အဦ | သောက်သုံးရေ | ရေပိုက်လိုင်းသွယ်တန်းခြင်း (၄၅၀၀’) | |

## ရှောင်ထဲကျေးရွာ၊ ပြင်းငယ်ကျေးရွာအုပ်စု၊ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးကိုကိုလွင် | ဦးငွေထွန်း | ၆/ကစန(နိုင်)၁၅၀၃၁၂ | ၂၅ | ဥက္ကဋ္ဌ | ၀၉၂၅၈၈၅၄၃၅၃ |
| ၂ | ဒေါ်စန္ဒာငွေး | ဦးတင်အေး | ၆/မမန(နိုင်)၂၂၃၀၃၀ | ၂၇ | အတွင်းရေးမှူး | ၀၉၄၄၁၅၆၁၀၄၈ |
| ၃ | ဒေါ်ယွန်းမီမီဇင် | ဦးခင်ဇော် | ၆/မမန(နိုင်)၂၀၃၈၁၁ | ၂၆ | ဘဏ္ဍာရေးမှူး | ၀၉၈၉၁၁၄၆၈၇၁ |
| ၄ | ဒေါ်မီးဖြူဇင် | ဦးအောင်အောင် | – | ၁၈ | စာရင်းကိုင် | – |
| ၅ | ဦးရဲကျော် | ဦးညွန့်ဝင်း | ၆/မမန(နိုင်)၂၃၁၉၁၁ | ၂၉ | အဖွဲ့ဝင် | ၀၉၄၅၃၁၃၇၉၈၃ |
| ၆ | ဦးဝင်းရွှေ | ဦးတင်ဝင်း | – | ၆၁ | အဖွဲ့ဝင် | – |
| ၇ | ဒေါ်ခင်ဝင်းအေး | ဦးအိုပိန် | ၆/မမန(နိုင်)၂၀၃၅၀၃ | ၃၇ | အဖွဲ့ဝင် | ၀၉၆၉၂၆၆၀၆၈၈ |

**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**

**(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ**

**(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁ | ၃ | ၄ | | |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၆ | ၁၄ | ၂၀ | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၂၂ | ၂၄ | ၄၆ | | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၁၅ | ၁၅ | ၃၀ | | |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၇၆ | ၇၅ | ၁၅၁ | | |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၁ | ၅ | ၆ | | |
| စုစုပေါင်း | | ၁၂၁ | ၁၃၆ | ၂၅၇ | | |
| စုစုပေါင်း အိမ်ထောင်စု | | ၅၉ | | | | |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက်(၁)နှစ်မပြည့်မီအရွယ်၊၁နှစ်မှ၄နှစ်ဆိုသည်မှာအသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀) နှစ်မပြည့်မီအရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာအသက် (၁၅)နှစ်ပြည့်သည်မှအသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့်အထက်ဆိုသည်မှာအသက် (၆၅) နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။**

**လေ့လာတွေ့ရှိချက်။** ။ **ရှောင်ထဲကျေးရွာ**တွင် အိမ်ထောင်စု (၅၉) စု ရှိပြီး၊ လူဦးရေစုစုပေါင်း (၂၅၇) ဦး ရှိပါသည်။ ကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက်နို့စို့အရွယ် (၂%)၊ ၅ နှစ်အောက်ကလေးအရွယ် (၈%)၊ မူလတန်းကျောင်းသားအရွယ် (၁၈%)၊ အလယ်တန်းကျောင်းသားအရွယ် (၁၂%)၊ သက်ကြီးရွယ်ကြီး အရွယ် (၁%) ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေသည် တစ်ရွာလုံးရှိ လူဦးရေ၏ (၂၅%) နှင့် အလုပ်လုပ်နိုင်သည့် အရွယ် ကျား (၇၆) ဦး၊ မ (၇၅) ဦး စုစုပေါင်း (၁၅၁) ဦး ရှိပြီး တစ်ရွာလုံးလူဦးရေ၏ (၅၉%) ရှိပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၄) ဦးနှုန်း ရှိသောကြောင့် ကျေးလက် အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅) ဦးနှုန်းအောက်လျော့နည်းနေပါသည်။ သို့ရာတွင် ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး

အတွက် လူသားအရင်းအမြစ်ကောင်းများအဖြစ် ထောက်ပံ့မှုပေးနိုင်ပါသည်။ ကျေးရွာတွင် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု(၅)စုရှိပြီး မသန်စွမ်းသည့် အသက်(၄၆)နှစ် အရွယ် အမျိုးသား(၁)ဦးနှင့် အသက်(၈၄)နှစ်အရွယ် အမျိုးသမီး(၁)ဦးရှိပါသည်။

**(ခ) အလုပ်လုပ်နိုင်သူအင်အား**

**(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား**

**ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၃ | ၈ | ၁ | ၃ | ၅ | ၃၈ | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၃ | ၃ | | ၁ | ၂ | ၁၄ | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | ၁၅ | မြင့် ☑ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၃၀ | ၃၈ | | ၃၈ | | ၁၉ | မြင့် ☑ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| ၅ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၆ | ထုတ်ကုန်လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၇ | လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | | ၁ | | | မြင့် ☐ လတ် ☐ နိမ့် ☑ |
| ၈ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | | ၁ | | | မြင့် ☐ လတ် ☐ နိမ့် ☑ |
| ၉ | ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၀ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁ | ၁ | | | ၁ | | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄ | ၁၅ | ၁ | ၅ | ၁၀ | ၅ | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | ၅ | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ ကျား | ဦးရေ မ | | |
| ၁၇ | **ပညာရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၁၈ | **ကျန်းမာရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | | | ၁ | | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၁၄ | ၄၀ | ၃ | ၃၄ | ၆ | ၃၇ | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| | **စုစုပေါင်း** | ၅၉ | ၁၀၈ | ၅ | ၈၃ | ၂၅ | ၁၃၃ | ☒ |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။**။“**အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ**”အရေအတွက်တွင် “**မိသားစုဝင်လုပ်အား**”**ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ “**ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်**)” ဆိုသည်မှာဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ -“**စိုက်ပျိုးရေး**” ကဏ္ဍ ၏ “**ကိုယ်ပိုင်လုပ်ငန်း**” တွင်ရပ်တည်နိုင်မှု “**မြင့်**” ဆိုပါကအဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများ နေသည်ဟုဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ရှောင်ထဲကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများအား အဓိကထားလုပ်ကိုင် သော အိမ်ထောင်စု (၃)စု၊ ရေလုပ်ငန်းကို လုပ်ကိုင်သည့်အိမ်ထောင်စု(၃၁)စု နှင့် အရောင်းအဝယ်လုပ်ကိုင်သည့် အိမ်ထောင်စု(၄)စု ရှိပါသည်။ ထို့ပြင် ဆောက်လုပ်ရေးလုပ်ငန်း၊ လက်သမား၊ ပန်းရံလုပ်ငန်း၊ ဈေးဆိုင်ဖွင့်ရောင်းချခြင်း၊ စသည့်အိမ်ထောင်စု များလည်းရှိပါသည်။ ကျေးရွာတွင် ကျန်းမာရေးဝန်ထမ်း၊ ကုမ္ပဏီများတွင် လုပ်ကိုင်သည့် လုပ်သားများလည်း ရှိပါသည်။ လုပ်သားအင်အားပေါများသည့်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်လိုအပ်လျက်ရှိပါ သည်။

### (ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

**ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၁၅၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၇၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | ၂၀၀၀၀ | | ၁၅၀၀၀ | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၅၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၇၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။**

**မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)**

**(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)**

**လေ့လာတွေ့ရှိချက်။** ။ရှောင်ထဲကျေးရွာတွင်အများဆုံးလုပ်ငန်းအဖြစ် ရေလုပ်ငန်း **လုပ်ကိုင်သည့်** အိမ်ထောင်စုအများစုက လုပ်သားအဖြစ်လုပ်ကိုင်သူများပါသည်။ **ငှင်း**လုပ်ငန်းတွင် အမျိုးသား (၂၀၀၀၀မှ၁၅၀၀၀)ကျပ် ရရှိပါသည်။ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သည့် အမျိုးသား (၁၅၀၀၀,၁၀၀၀၀)၊ အမျိုးသမီး(၁၀၀၀၀,၇၀၀၀)ကျပ် ရရှိပါသည်။ ဆောက်လုပ်ရေးလုပ်ငန်း တစ်နေ့တွင် အမျိုးသား(၁၅၀၀၀မှ၁၀၀၀၀) အမျိုးသမီး(၇၀၀၀)ကျပ် ရရှိပါသည်။ **ကျေးရွာတွင် အလုပ်အကိုင်ရှားပါးသည့်အတွက် ပြည်ပနိုင်ငံများသို့သွားရောက်လုပ်ကိုင်သည့် အိမ်ထောင်စု**အချို့**ရှိပါသည်။ ထို့ကြောင့်ကျေးရွာတွင် အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးရန်နှင့် စက်ရုံအလုပ်ရုံများဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိပါသည်။**

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| **မြေအမျိုးအစား** | **ဧရိယာ (ဧက)** | **မြေဆီလွှာအရည်အသွေး**(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) |
|---|---|---|
| **လယ်မြေ** | ၃၁.၅ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| **ယာမြေ / တောင်ယာမြေ** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **ဥယျာဉ်ခြံမြေ** | ၁၅၄ | ကောင်း ☑ သင့်☐ ညံ့ ☐ |
| **ကိုင်း/ကျွန်းမြေ** | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **ဓနိတောမြေ** | ၆၅ | ကောင်း ☐ သင့်☐ ညံ့ ☑ |
| **စားကျက်မြေ** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **မြေလွတ်မြေလပ်** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **စုစုပေါင်း** | ၂၅၀.၅ | ☒ |

**ရင်းမြစ် …** (၁) **အိမ်ထောင်စုစာရင်းကောက်ယူမှု၊** (၂) **ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊** (၃) **လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊** (၄) **ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။မြေလွတ်မြေလပ်ဆိုသည်မှာယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်းအမျိုးမျိုးကြောင့်စွန့်လွှတ်ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့်နိုင်ငံတော်က**

**သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။**

**လေ့လာတွေ့ရှိချက်။** ။ရှောင်ထဲကျေးရွာတွင် **စပါးကိုအဓိကစိုက်ပျိုးကြပါသည်။ ဓနိတောမြေမှ ဓနိဖက်လုပ်ငန်းနှင့် ဓနိပျားထုတ်လုပ်သည့်လုပ်ငန်းသာရှိပါသည်။** မြေဆီလွှာ ပျက်စီးခြင်း၊ ဆားငန်ရေဝင်ရောက်ခြင်း၊ ပိုးမွှားရောဂါကျရောက်ခြင်းများရှိပြီး စိုက်ပျိုးမြေများ မချဲ့ထွင်နိုင်ခြင်း၊ စိုက်ပျိုးရေးနည်းစနစ်များ မမှန်ကန်ခြင်း၊ နည်းပညာအားနည်းခြင်း၊ ဈေးကွက်လက်လှမ်းမီမှု အားနည်းခြင်းစသည့် အခက်အခဲ ပြဿနာများ ရှိနေသည့်အတွက် စိုက်ပျိုးရေးနည်းပညာပေး သင်တန်းများ လိုအပ်လျက်ရှိနေပါသည်။ **ကျေးရွာ**တွင်စိုက်ပျိုးမြေအများစုမှာ **လယ်မြေနှင့်** ဥယျာဉ်ခြံမြေများဖြစ်ပါသည်။ **ဓနိတောမြေမှဓနိဖက်လုပ်ငန်းနှင့်ဓနိပျားထုတ်လုပ်သည့်လုပ်ငန်းသာရှိပါသည်။**

(၈-၂) **ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

**ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

| **အမျိုးအစား** | **ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု** (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) | **အသုံးချနိုင်မှု** (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) | **လွန်ခဲ့သော(၁၀)နှစ်ကအခြေအနေ**(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) |
|---|---|---|---|
| **သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။)** | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| **ကျောက်၊သဲ၊ကျောက်စရစ်စသည်များ** | များ ☐ သင့်☐ နည်း ☑မရှိ ☐ | လွယ် ☐ ခက်☐အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး☑အပြောင်းအလဲမရှိ ☐ |
| **သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)** | များ ☐ သင့်☑ နည်း ☐ မရှိ ☐ | လွယ် ☐ ခက်☑အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☑ အပြောင်းအလဲမရှိ ☐ |
| **သဘာဝတိရစ္ဆာန်မျိုးစိတ်များ** | များ ☐ သင့်☐ နည်း ☑မရှိ ☐ | ☒ | လျော့ ☐ တိုး ☑ အပြောင်းအလဲမရှိ ☐ |
| **ရေ – မြေပေါ်ရေ** | များ ☐ သင့်☑ နည်း ☐ | လွယ် ☑ ခက်☐ | လျော့ ☐ တိုး ☑ |

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်) |
|---|---|---|---|
| **(အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)** | မရှိ ☐ | အသုံးမပြုနိုင်ပါ ☐ | အပြောင်းအလဲမရှိ ☐ |
| **ရေ – မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း)** | များ ☐ သင့်☐ နည်း ☑ မရှိ ☐ | လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☑ အပြောင်းအလဲမရှိ ☐ |
| **သစ်တော – အပူပိုင်းသစ်တော** | များ ☐ သင့်☐ နည်း ☑ မရှိ ☐ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☑ အပြောင်းအလဲမရှိ ☐ |
| **သစ်တော – ဒီရေတောများ** | များ ☐ သင့်☑ နည်း ☐ မရှိ ☐ | လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☑ အပြောင်းအလဲမရှိ ☐ |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။ ။ရှောင်ထဲကျေးရွာတွင် သတ္တုနှင့်အခြားတွင်းထွက် သယံဇာတများထွက်ရှိမှုမရှိပါ။** သို့ရာတွင် ကျောက်၊သဲ၊ကျောက်စရစ်ထွက်ရှိမှု၊ သဘာဝတိရစ္ဆာန် မျိုးစိတ်များထွက်ရှိမှု၊ သဘာဝအပင်မျိုးစိတ်များ**ထွက်ရှိမှု** အနည်းငယ်ရှိပါသည်။ မြေအောက်ရေ ထွက်ရှိမှုနှင့်မြေပေါ်ရေထွက်ရှိမှု၊ သစ်တော၊ဒီရေတောများသည် ကျေးရွာတွင် ထွက်ရှိပြီး ကျောက်၊သဲ၊ ကျောက်စရစ်များကို မြို့ပေါ်မှဝယ်ယူ၍ အသုံးပြုရပါသည်။

**(ဃ) ဉစ္စာဓနအဆင့်အခြေအနေ**

**ဇယား (၆) ဉစ္စာဓနအဆင့်အခြေအနေ**

| **အကြောင်းအရာ** | **သတ်မှတ်စံနှုန်း** | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိသောအိမ်ထောင်စု** | **မပြေလည်သော အိမ်ထောင်စု** | **အလွန်မပြေလည်သော အိမ်ထောင်စု** |
| **မြေယာပိုင်ဆိုင်မှု** | **များ** | **အသင့်အတင့်** | **နည်း** | အလွန်နည်း (သို့) မရှိ |

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သော အိမ်ထောင်စု |
| **အိမ်အခြေအနေ** | **အလွန်ကောင်း** | **အသင့်အတင့် ကောင်း** | **ညံ့** | **အလွန်ညံ့** |
| **ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု** | **များ** | **အသင့်အတင့်** | **နည်း** | **မရှိ** |
| **အဓိကစီးပွားရေးလုပ်ငန်း** | **စီးပွား (ဝင်ငွေ) အလွန်ကောင်း** | **စီးပွား (ဝင်ငွေ) အသင့်အတင့်** | **စီးပွား (ဝင်ငွေ) နည်း** | **စီးပွား (ဝင်ငွေ) အလွန်နည်း** |
| **အိမ်ထောင်စု** | ၆ | ၁၈ | ၂၉ | ၆ |

**ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။**

**လေ့လာတွေ့ရှိချက်။ ။ရှောင်ထဲကျေးရွာတွင်** ကျေးရွာအိမ်ထောင်စု၏ (၁၀%) သည် အဆင်ပြေသော အိမ်ထောင်စုများဖြစ်ကြပြီး၊ အလယ်အလတ်ရှိသော အိမ်ထောင်စုမှာ (၃၁%) ရှိ သဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ရာတွင် ငွေကြေး (သို့) ပစ္စည်းစသည်ဖြင့် တစ်ဖက် တစ်လမ်းမှ အထောက်အကူပြုနိုင်ပါလိမ့်မည်။ မပြေလည်သောအိမ်ထောင်စုများနှင့် အလွန်မပြေလည်သော အိမ်ထောင်စုများမှာ (၅၉%) ရှိသည့်အတွက် ကျေးရွာတွင် ဆင်းရဲသော အိမ်ထောင် အများစုမှာ မိသားစု စားဝတ်နေရေးအတွက် အခက်အခဲများ ရှိနေပါသည်။

**(င) ထိခိုက်လွယ်မှု**

**(င-၁) ဝမ်းစာဖူလုံမှု**

**ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)**

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အမျိုးသမီးဦး ဆောင်သည့် အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| ၃လအောက်ဝမ်း စာဖူလုံမှု | | | အခြားအစာပြောင်းလဲစား = __________<br>အစာလျှော့စား = __________<br>အထောက်အပံ့ယူ = __________<br>ချေးယူ = __________<br>လုပ်အားခကြိုယူ = __________ |
| ၃လနှင့်၆လကြား ဝမ်းစာဖူလုံမှု | | | အခြားအစာပြောင်းလဲစား = __________<br>အစာလျှော့စား = __________<br>အထောက်အပံ့ယူ = __________<br>ချေးယူ = __________<br>လုပ်အားခကြိုယူ = __________ |
| ၆လမှ၁၂လအထိ ဝမ်းစာဖူလုံမှု | ၁၁ | ၃ | အခြားအစာပြောင်းလဲစား = __________<br>အစာလျှော့စား = __________<br>အထောက်အပံ့ယူ = __________<br>ချေးယူ = _______ ၁၁ ____<br>လုပ်အားခကြိုယူ = __________ |

**ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။**

**လေ့လာတွေ့ရှိချက်။** ။**ရှောင်ထဲကျေးရွာ**တွင် အိမ်ထောင်စု(၁၁)အိမ်သည် ဝမ်းစာဖူလုံမှုအတွက် ချေးငွေယူ၍ မိသားစုစားဝတ်နေရေးကိုဖြေရှင်းကြရပါသည်။ ဝမ်းစာဖူလုံမှုအခြေအနေ အတွက် အခြားအစာပြောင်းလဲ စားသောက်ရသည့် အခြေအနေမျိုးမကြုံတွေ့ရပါ။ အခက်အခဲပေါ် ပေါက်လာပါက ဆွေမျိုး/မိတ်ဆွတို့ထံမှ

ချေးငွေယူ၍ ဖြေရှင်းကြပါသည်။ ၎င်းအိမ်ထောင်စုများထဲတွင် အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု (၃)အိမ်ရှိပါသည်။

**(င-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

**ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြ၄နှစ်နှင့်အထက် | | | |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ် | | | |
| | အိမ်ထောင်စုအရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု | | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု | | | |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ရှောင်ထဲကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်ကြီး၆၄နှစ်နှင့် အထက်မရှိပါ။ သို့ရာတွင်ကျေးရွာတွင် မသန်စွမ်းသည့်အမျိုးသား(၁)ဦးနှင့် အမျိုးသမီး(၁)ဦးရှိပါသည်။

**(င-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ**

**ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ**

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | မြစ်ရေကြီးမှု | | ✓ | | ✓ | | |
| ၂ | လျှပ်တပြက်ရေကြီးခြင်း | | ✓ | | ✓ | | |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ ) | | |
|---|---|---|---|---|---|---|---|
| ၃ | မုန်တိုင်းဒီရေ | ✓ | | | | | ✓ |
| ၄ | ဆူနာမီ | ✓ | | | | | ✓ |
| ၅ | တိုင်ဖုန်းမုန်တိုင်း | ✓ | | | | | ✓ |
| ၆ | လေဆင်နှာမောင်း | ✓ | | | | | ✓ |
| ၇ | ငလျင် | ✓ | | | | | ✓ |
| ၈ | အပူလှိုင်း | ✓ | | | | | ✓ |
| ၉ | စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု | | | ✓ | ✓ | | |
| ၁၀ | အအေးလှိုင်း | ✓ | | | | | ✓ |
| ၁၁ | မိုးသီးကြွေကျမှု | ✓ | | | | | ✓ |
| ၁၂ | မိုးခေါင်ခြင်း | ✓ | | | | | ✓ |
| ၁၃ | တောမီးလောင်ခြင်း | ✓ | | | | | ✓ |
| ၁၄ | မြစ်ကမ်းပါးပြိုခြင်း | | ✓ | | | | ✓ |
| ၁၅ | ကမ်းရိုးတန်းတိုက်စားမှု | | ✓ | | | | ✓ |
| ၁၆ | မြေပြိုခြင်း | ✓ | | | | | ✓ |
| | လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁၇ | စားနပ်ရိက္ခာမဖူလုံမှု | ✓ | | | | | ✓ |
| ၁၈ | သဘာဝအရင်းအမြစ်ရှားပါးမှု(မြေ၊ရေ) | | ✓ | | | | ✓ |
| ၁၉ | မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း | | ✓ | | ✓ | | |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ ) | | |
|---|---|---|---|---|---|---|---|
| ၂၀ | သစ်တောပြုန်းတီးခြင်း | | ✓ | | | | ✓ |
| ၂၁ | ငှက်ဖျားရောဂါ | ✓ | | | | | ✓ |
| ၂၂ | တီဘီရောဂါ | ✓ | | | | | ✓ |
| ၂၃ | ကိုယ်ခံအားကျဆင်းမှုရောဂါ | ✓ | | | | | ✓ |
| ၂၄ | ကပ်ရောဂါ | | ✓ | | ✓ | | |
| ၂၅ | ပြည်တွင်းပဋိပက္ခ | ✓ | | | | | ✓ |
| ၂၆ | တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု | | ✓ | | ✓ | | |
| ၂၇ | လူကုန်ကူးခြင်း | ✓ | | | | | ✓ |
| ၂၈ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းစသည် | ✓ | | | | | ✓ |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။**

**မှတ်ချက်။ ။ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများဖြစ်ပေါ်ခြင်းရှိပါကယင်းဖြစ်စဉ်များအတွက်ကျေးရွာသူရွာသားများထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ထိခိုက်မှုရှိပါကကျေးရွာ၏မည်သို့သောအိမ်ထောင်စုများနှင့်အိမ်ထောင်စုမည်မျှထိခိုက်သက်ရောက်မှုခံစားကြရပါသလဲ။ (ဥပမာ။ ။အိမ်ထောင်စု၁၀၀တွင်၂၅အိမ်ထောင်စုအောက် – နိမ့်**

**အိမ်ထောင်စု၁၀၀တွင်၂၅မှ၅၀အိမ်ထောင်စု – လတ်**

**အိမ်ထောင်စု၁၀၀တွင်၅၀အိမ်ထောင်စုအထက် – မြင့်)**

**လေ့လာတွေ့ရှိချက်။** ။ရှောင်ထဲကျေးရွာတွင် သဘာဝရင်းမြစ်ရှားပါးမှု(မြေနှင့်စိုက်ပျိုးရေ)၊ ဆားငန်ရေဝင်မှုအများဆုံးဖြစ်ပေါ်လျက်ရှိပါသည်။ စားနပ်ရိက္ခာမဖူလုံမှုမှာ သင့်တင့်သော အနေအထားတွင်ရှိ၍ သဘာဝအရင်းအမြစ်ထွက်ရှိမှု ရှားပါးသည့်ကျေးရွာ ဖြစ်ပါသည်။ စိုက်ပျိုးမြေ တိုးချဲ့နိုင်ခြင်းမရှိပါ။ မိုးခေါင်ခြင်း၊ အအေးလွန်ကဲခြင်း၊ မုန်တိုင်းကျရောက်ခြင်း၊ လျှောင်လှုပ်ခြင်း၊ မြေပြိုခြင်းများ မရှိပါ။ ပင်လယ်နှင့်နီးသောကြောင့် ဒီရေတက်ချိန်တွင် လမ်းများရေကျော်သည့် အခြေအနေတွင် ရှိပါသည်။ ဆားငန်ရေဝင်ရောက်မှုရှိပြီး လယ်ယာမြေများ ပျက်စီး

ဆုံးရှုံးခြင်းများ ဖြစ်ပေါ်လျက်ရှိပြီး တီဘီရောဂါ၊ ကိုယ်ခံအားကျဆင်းမှုရောဂါနှင့် ငှက်ဖျားရောဂါ ကျရောက်မှု မရှိပါ။ တိရိစ္ဆာန်ကူးစက်ရောဂါကျရောက်မှု ရှိသည့်အတွက် မွေး/ကုဦးစီးဌာနမှ ဆရာဝန်များနှင့် ချိတ်ဆက်ပြီး စီးပွားဖြစ်မွေးမြူနည်းပညာနှင့် သင်တန်းများလိုအပ်လျက်ရှိပါသည်။ ကျေးရွာတွင်းရှိလမ်းသည် မိုးရာသီတွင် သွားလာရခက်ခဲသည့်အတွက် ကျန်းမာရေး၊ ပညာရေးနှင့် လူမှုရေးစသည့် ကိစ္စအဝဝအတွက် နှောင့်နှေးကြန့်ကြာ နေရပါသည်။ ရှောင်ထဲကျေးရွာတွင် ထိခိုက်သက်ရောက်လွယ်မှုအခြေအနေအရ စိုက်ပျိုးမြေများတွင် ရေငံဝင်ရောက်မှုနှင့်မြစ်ရေကြီးသည့်ဖြစ်စဉ်များရံဖန်ရံခါဖြစ်ပေါ်လျက်ရှိပါသည်။ လူကြောင့်ဖြစ်သည့် ဘေးအန္တရာယ် များအနေဖြင့် မြေဆီလွှာပျက်စီးခြင်း၊ သစ်တောပြုန်းတီးခြင်းနှင့် တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှုများ ဖြစ်ပေါ်လျက်ရှိသည့် နည်းပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချရန်လယ်ယာမြေများတွင် ဆားငံရေဝင်သည့်အတွက် ဒီရေတားတမံ တည်ဆောက်ရန် လိုအပ်လျက်ရှိပါသည်။

**(င-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ**

**ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ**

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | လူငယ် | ✓ | | | | | ✓ |
| ၂ | အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု | | ✓ | | | | ✓ |
| ၃ | ဆင်းရဲသားတောင်သူ | | ✓ | | | | |
| ၄ | သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ | ✓ | | | | | ✓ |
| ၅ | ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ | | ✓ | | | | ✓ |
| ၆ | မတော်တဆမှုဖြစ်နိုင်ချေများသောနေရာတွင်နေထိုင်သူများ | ✓ | | | | | ✓ |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ (IDP) | ✓ | | | | | ✓ |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | ✓ | | | | | ✓ |
| ၉ | ငါးကန်ပိုင်ရှင်များ | ✓ | | | | | ✓ |
| ၁၀ | လက်လုပ်လက်စားများ၊ကျပန်းများ | | | ✓ | ✓ | | |
| ၁၁ | လူနည်းစုလူမျိုးများ | ✓ | | | | | ✓ |
| ၁၂ | ဒေသတွင်းပဋိပက္ခဇရိယာတွင်နေထိုင်သူများ | ✓ | | | | | ✓ |
| ၁၃ | နယ်စပ်ဒေသတွင်နေထိုင်သူများ | ✓ | | | | | ✓ |
| ၁၄ | ရွှေတွင်းလုပ်သားများ | | ✓ | | | | ✓ |
| ၁၅ | လှည့်လည်သွားလာ၍စျေးရောင်းသူများ | ✓ | | | | | ✓ |
| ၁၆ | နေရပ်ပြန်အခြေချသူများ | ✓ | | | | | ✓ |
| ၁၇ | ရွှေ့ပြောင်းလုပ်သားများ | | ✓ | | | | ✓ |
| ၁၈ | ကားမောင်းပြီးအသက်မွေးသူများ | ✓ | | | | | ✓ |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။**

**မှတ်ချက်။ ။ကျေးရွာရှိလူငယ်များ၊အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများစသည်တို့သည် မည်သို့သော အခြေအနေများတွင် လွယ်လွယ်ကူကူထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက မည်မျှအထိ ထိခိုက်ကြပါသနည်း။**

**လေ့လာတွေ့ရှိချက်။ ။ရှောင်ထဲကျေးရွာ**တွင် ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများမှာ ဆင်းရဲ၍ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စု၊ **မသန်စွမ်းသည့်သက်ကြီးရွယ်ကြီးများ၊** ဆင်းရဲသားတောင်သူအများအပြားနှင့် လက်လုပ်

